# ထူးမြတ်ပေးသည့် မြတ်ကထိန်

## သစ္စာပါရမီ ဓမ္မမိသားစု

(ပထမအကြိမ် ဘုံကထိန်အလှူတော် ဓမ္မဒါနလက်ဆောင်)

Blk 372, #04-376,
Bukit Batok St 31, S650372
(Next to Bukit Gombak MRT Station)
HP: (65) 91202695, (65) 6524 6344
http://www.thitsarparamisociety.com/


# ကထိန်ဖြစ်မြောက်ရေး မတည်အလှူရှင်များနှင့် ဓမ္မဒါနစာအုပ် အလှူရှင်များ မှတ်တမ်း

| | | | |
|---|---|---|---|
| ဦးဝင်းသိန်း + ဒေါ်ဝင်းဝင်း | $၁၀၀၀ | ဦးဇော်လင်း+ဒေါ်ထွေးထွေးနှင့် မယုနန္ဒာလင်း | $၃၀၀ |
| ကိုမြတ်လင်း မခင်ဝင်းမော် | ၁၀၀ | ဦးစိုးသိန်း + ဒေါ်မြသက်နှင်း | ၁၀၀ |
| ကိုမိုးထွန်းမောင် + မချိုချို | ၁၀၀ | ကိုအောင်နိုင်+မသန်းသန်းအေး | ၁၀၀ |
| ဦးအောင်ကျော်နိုင် + ဒေါ်အေးအေးဆင့် | ၁၀၀ | ကိုဇော်ဝင်းနိုင် + မသက်သက်နွယ် | ၅၀ |
| ဦးခင်ဇော် + ဒေါ်မိုးမိုးခိုင် | ၅၀ | ဦးကိုလေး + ဒေါ်ချို | ၅၀ |
| ဦးသန်းဝင်း မိသားစု | ၅၀ | မသီတာ၊ သမီးမဆောင်းခွာညို | ၅၀ |
| SILVER SEAGULL မိသားစု | ၅၀ | ကိုသက်မောင်အေး | ၁၀၀ |
| ဦးထွန်းထွန်း | ၅၀ | ဒေါ်ဝင်းဝင်းကြည် | ၅၀ |
| ဦးလှထွန်းနိုင် + ဒေါ်ဝင်းမြင့် | ၁၀၀ | ဦးမျိုးဆင့် + ဒေါ်သိန်းသိန်း | ၅၀ |
| မနီလာအောင် | ၁၀၀ | ဦးဇော်မြင့် + ဒေါ်အေးအေးမြင့် | ၁၂၅ |
| ဦးနေဝင်း + ဒေါ်မော်မော် | ၁၂၅ | ဦးစိန်လင်း + ဒေါ်စောမိုးမိုး | ၁၂၅ |
| ဦးတင်ထွဋ် + ဒေါ်မွေ့မွေ့ | ၁၂၅ | ဒေါ်သောင်းခင် | ၅၀ |
| SAM PRINCE ၏မွေးနေ့အလှူ | ၅၀ | ဦးမြင့်အောင် + ဒေါ်ခင်ခင်ဝေ | ၁၀၀ |
| ဦးအောင်ဆန်းဝင်း+ ဒေါ်ခင်သန်းရီ | ၇၀ | အောင်ထွန်းကျော်၊ စောမြတ်စံပယ် | ၁၀၀ |
| ဦးကျော်ဝင်း + ဒေါ်အေး | ၁၀၀ | မဖြူ | ၃၀ |
| မသွယ်သွယ်ဝင်း | ၁၀ | ကိုကျော်ဝင်း + မအေးမြင့်ရှိန် | ၅၀ |
| ဦးအောင်ဇော်ဒိုး မိသားစု | ၅၀ | ဦးလှမြင့် ဒေါ်နန်းဝိုးရှန် မိသားစု | ၅၀ |
| ကိုချစ်ကိုကို မြတ်စုစုမိုး | ၅၀ | ဒေါ်ခင်မေမိသားစု | ၅၀ |
| နန်းရွှေအိမ် | ၂၀ | မင်းသိန်းကြည် စုကြည်သာ | ၅၀ |
| ဦးမောင်မောင်မြင့် + ဒေါ်မြင့်မြင့်အေး | ၃၀ | ဦးတင်ထွေး ဒေါ်ချောစု | ၅၀ |
| ကိုသက်နိုင်ကျော် | ၅၀ | မမြင့်မြင့်သန်း | ၅၀ |
| မနှင်းနှင်းအေး | ၅၀ | မဝင်းဝင်းခိုင် | ၅ |
| ဦးငွေးလွင် ဒေါ်စိုးမာ | ၅၀ | | |

http://www.thitsarparamisociety.com/



# ဒေါက်တာ အရှင်ဇယတိဿ



❖ မစင်စကား ဒို့မပြော ဒို့မျှားနှုတ်ကို စောင့်ပါမယ်။
❖ မသိစကား သိတယ်ပြော စကားမစင် တူလိမ့်မယ်။
❖ သိတဲ့စကား မသိပြော စကားမစင်တူလိမ့်မယ်။
❖ ပန်းစကားလို အမှန်ဆို နှုတ်ကိုစောင့်ပါမယ်။
❖ မသိစကား မသိပြော စကားပန်းနှင့် တူလိမ့်မယ်။
❖ သိတဲ့စကား သိတယ်ပြော စကားပန်းနှင့် တူလိမ့်မယ်။
❖ ပျားရည်စကား ဒို့မှတ်သား နှုတ်အားစောင့်ကာ ပြောပါ့မယ်။
❖ စကားချိုချို ဒို့ပြောဆို ပျားရည်ချိုနှင့် တူလိမ့်မယ်။

(သစ္စာပါရမီ)

http://www.thitsarparamisociety.com/



# ပဏာမ တိုက်တွန်းလွှာ

တာဝတိံသာနတ်ပြည်၌ နတ်သားနတ်သမီးတို့သည် မျှော်လင့်ကြီးစွာဖြင့် စောင့်စားနေကြသည့် အရာတစ်ခု ရှိသည်။ ထိုအရာကား 'အာသာဝတီ နွယ်နီနတ်ပန်း' ဖြစ်၏။

ထိုနတ်ပန်းသည် တာဝတိံသာနတ်တို့၏ နှစ်ပေါင်း တစ်ထောင် ကြာညောင်းမှ တစ်ကြိမ်ဖူးပွင့်၏။ ထိုပန်းရနံ့ သည်လည်း နတ်ပြည်တစ်ခုလုံးသို့ မွှေးရနံ့ကြိုင်လှိုင် သင်းပျံ့စေ၏။ ထိုပန်းပွင့်လေသောအခါ နတ်ဒေဝတာ တို့သည် အလွန်ပျော်ရွှင်ကြ၏။

ကထိန်အလှူတော်သည် ထိုအာသာဝတီ နွယ်နီ နတ်ပန်း သဖွယ်ဖြစ်၏။ ဘုရားသာသနာတော် ပွင့်ထွန်း ခိုက်မှ ကထိန်အလှူ တော်ကို လှူခွင့်ရကြ၏။ ထိုကဲ့သို့ လှူဒါန်းသည့် အခါတွင်လည်း လ အကန့်အသတ်ဖြင့်သာ လှူဒါန်းနိုင်၏။

တာဝတိံသာ နတ်တို့ရွာမှာ ပွင့်သော အာသာဝတီ နတ်ပန်းသည် အကျိုးတရားစုမျှသာ ဖြစ်၏။ ကထိန် အလှူသည် အကြောင်းတရား ဖြစ်၏။ အကြောင်း ကုသိုလ်တရားတွင်လည်း အလွန်အင်အားကြီးလှသော

http://www.thitsarparamisociety.com/



'ဥပနိဿယ ပစ္စည်းထိုက်သော' အင်အားကြီးကုသိုလ် အမျိုးအစားဖြစ်၏။

ထိုကုသိုလ်က အကျိုးတရားအဖြစ် အကျိုးပေးသော အခါတွင် ထိုအာသာဝတီ နတ်ပန်းပမာ မြတ်နိုးစရာ အတိပြီးသော လူ့ဘဝအထက်တန်း ပုံရိပ်လွှာ၊ နတ်ဒေဝတာ အထက်တန်းကျကျ ပုံရိပ်လွှာနှင့် နိဗ္ဗာန်ချမ်းသာအထိ ပြီးပြည့်စုံအောင် ကြီးကျယ်ဖွံ့ဖြိုး အသရေမငြိုးစေသည့် ကုသိုလ်အကျိုးထူးများကို ကုသိုလ်ရှင်များပင် အသေအချာ လက်ခံရရှိကာ ခံစားကြရမည် ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင် သာသနာတော်ကြီးနှင့် ကြုံရခိုက်တွင် ထူးမြတ်လှသည့် ဤ "ကထိန်အလှူ ကုသိုလ်ထူး" ကို 'အသေမဦးသွားမီ ကုသိုလ်ကို လက်ဦးမှုရအောင်' သင်ကိုယ်တိုင် ယူတတ်ပြီး "ကုသိုလ်တရားတို့နှင့် ထုံမွမ်းထားစေနိုင်ရန်" ဤ "ထူးမြတ်ပေသည့် မြတ်ကထိန်" စာတမ်းလေးကို လက်ဆင့်ကမ်း၍ ဓမ္မဒါနပြုလိုက်ရပေသည်။

အရှင်ဇယတိဿ(စကၤာပူ)

http://www.thitsarparamisociety.com/



# ထူးမြတ်ပေသည့် မြတ်ကထိန်

## ကထိန်ဆိုသည်မှာ

*ကထိန်ခင်းလှူသဖြင့် ရရှိသောအကျိုးတရား ငါးပါးကို ပျက်စီးမသွားစေရန် ခိုင်ခန့်စေတတ်သောကြောင့် ကထိန် ဟုခေါ်သည်။*

*ဘုရားစသော သူတော်ကောင်း အပေါင်းတို့က လေးစားကြည်ညို ချီးမွမ်းတော်မူကြသောကြောင့်လည်း ကထိန် ဟုခေါ်သည်။*

အလှူမှာ ကထိန်၊ ဆွမ်းမှာပိဏ်၊[၁] ရတနာမှာ စိန်၊ ကျောင်းမှာ သိမ် ဟူ၍ ရှေးဆရာမြတ်တို့၏ တန်ဖိုးရှိလှသော စကားစဉ်ကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနေကြဖြစ်သည်။

## ထူးမြတ်ပါပေ့ ကထိန်အကျိုး

ကထိန်နှင့်ပတ်သက်၍ ပကိဏ္ဏကကျမ်းမှာ- အဆင်တန်ဆာ အပြည့်အစုံနှင့် ဆင်ယာဉ်များကို ရာနှင့်ချီ၍ လှူသည့် အလှူ၊ မြင်းယာဉ်များကို ရာနှင့်ချီ၍ လှူသည့်အလှူ၊ အသဿတိုရ် အာဇာနည်မြင်းယာဉ်များကို ရာနှင့်ချီ၍ ပေးလှူသည့်အလှူ၊ (ယခုခေတ်အရ အဆင့်အတန်း အမြင့်ဆုံး ယာဉ်မျိုးစုံကို ရာနှင့်ချီ၍ လှူသည့်

http://www.thitsarparamisociety.com/



အလှူ)၊ ဝတ်စားတန်ဆာရတနာ အပြည့်အစုံ ဆင်မြန်းထားသည့် မိန်းမပျိုများကို ရာနှင့်ချီ၍ လှူသည့် အလှူများသည် ကထိန်ခင်းလှူ၍ ရရှိသော ကုသိုလ် အကျိုးကို (၂၅၆)စိတ် စိတ်၍ရသော တစ်စိတ်မျှလောက် ကုသိုလ်ကို မမှီနိုင်ဟု ရေးသားထားသည်။

ရတနာခုနစ်ပါးတို့နှင့် အပြည့်အစုံ စီခြယ်ထားသော ရတနာပလ္လင်တော်ပေါင်း ၈ သောင်း ၄ ထောင်နှင့်အတူ စုလစ်မွန်းချွန် အထွဋ်တပ်လျှက် အဆင့်အတန်းအမြင့်ဆုံး ကျောင်းတော်များ ဆောက်လုပ်ကာ ဤပထဗျာ မြေပြင်မှနေ၍ အမြင့်ဆုံးဘုံဖြစ်သည့် အကနိဋ္ဌဗြဟ္မာ နိုင်ငံတော် အထိ ပြည့်နေအောင် ၈ သောင်း ၄ ထောင်မျှ အရေအတွက်ရှိ ကျောင်းတော်ကြီးများ ဆောက်လုပ် လှူဒါန်းသည့်အလှူ၊ ထိုကျောင်းတော်ကြီးများထဲတွင် သင်္ကန်းသပိတ် ပရိက္ခရာ ၈ ပါး အပြည့်အစုံ ထည့်လှူသည့်အလှူ၊ ရတနာ ၇ ပါးကိုစုပုံပြီး ထိုအမြင့်ဆုံး နိုင်ငံတော်အထိ မြင့်မားလောက်အောင် လှူသည့် အလှူများသည် ကထိန် တစ်ကြိမ် ခင်းလှူ၍ရရှိသော ကုသိုလ် အကျိုးကို (၂၅၆) စိတ်၊ စိတ်၍ရရှိသည့် ကုသိုလ် တစ်စိတ် ကလေးမျှကို မမှီနိုင်သေးကြောင်း ဖော်ပြသည်။

http://www.thitsarparamisociety.com/



**အလှူမှာ ကထိန် ... အလှူမှာ ကထိန်** အလှူဟာ အမြတ်ဆုံးဟူ၍ သတ်မှတ်မိန့် ကြားတော်မူကြသည်မှာ အကြောင်းရှိသည်။ ဘာကြောင့် ကထိန်မြတ်သလဲ၊ ဒီမေးခွန်းနှင့် ပတ်သက်၍ စာရေးသူကိုယ်တိုင် မှတ်ရလွယ်အောင် ကဗျာတစ်ပုဒ် စီကုံးထားပါသည်။

- *သံဃိကမို့ လှူကျိုးမြတ်သည်၊*
- *ငါးပါးကျိုးတင့် တိုးဆင့်မြတ်သည်၊*
- *ကာလဒါန လှူရမြတ်သည်၊*
- *မိုးပေါ်ကျ ဒါန ထူးမြတ်သည်။*

## *သံဃိကမို့လှူကျိုးမြတ်သည်*

ကထိန်အလှူဒါနသည် သင်္ကန်းအလှူဖြစ်သည်၊ ဒါယကာ ဒါယိကာမများ လှူဒါန်းကြသည့် သင်္ကန်း အများစုထဲမှ သင်္ကန်းတစ်ထည် ဖြင့်သာ ကထိန် ခင်းလှူရပါသည်။ သံဃာတစ်ပါးအတွက် ဘုရားရှင်မှ သင်္ကန်းသုံးထည် အမြဲဆောင်ထားရန် ခွင့်ပြုခဲ့ပါသည်။ (၁) ပခုံးပေါ်တင်ရန် (သို့) ခြုံလွှမ်းဝတ်ဆင်ရန် ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်း (၂) ကိုယ်ပေါ်မှာ ဝတ်ရုံဆင်မြန်းရန် ကောသီခေါ် သင်္ကန်း (၃) အောက်ပိုင်း ကိုယ်ဝတ်ခါးမှာ

http://www.thitsarparamisociety.com/



ဆင်မြန်းဝတ်ရသည့် သင်းပိုင် အားဖြင့် သုံးထည်ဖြစ်သည်။

ထိုသုံးထည်တွင် တစ်ထည်တည်းဖြင့်သာ ကထိန်ခင်းရပါသည်။ ကထိန်လှူကြမည့် ဒါယကာ ဒါယိကာမများက ကထိန်အတွက် ရည်မှန်းသော သင်္ကန်းလှူဖွယ်ကို လှူဆဲခဏမှာ ပုဂ္ဂိုလ်သို့ စိတ်မညွှတ်စေဘဲ မိမိကထိန်ခင်းမည့် ကျောင်းတိုက်ရှိ သံဃာအား လုံးကို စိတ်ညွှတ်စေကာ သံဃာပိုင်ဖြစ်သွားအောင် သံဃာကို ရည်မှန်း၍ ကထိန်ခင်းရန် သင်္ကန်းကိုလှူတန်းရပါမည်။

သံဃာဟူသည် ကျောင်းတိုက်တစ်ခုလုံးရှိ သံဃာတို့ကို ဆိုလိုပါသည်။ ပုဂ္ဂိုလ်တစ်ဦးဦးကို ရည်ရွယ်ခြင်းမဟုတ်သဖြင့် ခင်မင်စရာ၊ စွဲလန်းစရာ မဖြစ်နိုင်တော့ပါ။ (သို့မဟုတ် ဗုဒ္ဓဘုရားရှင်၏ တပည့်သားရဟန်းအားလုံးသို့ ရောက်အောင် စိတ်ညွှတ်ပေးထားလိုက်ပါ)၊ ထိုကဲ့သို့ စိတ်ညွှတ်လှူဒါန်းနိုင်လျှင် သံဃိကဒါနအလှူဖြစ်ပြီး ထိုအလှူသည် ဥပါဒါန် အစွဲကင်းသည့် အလှူဖြစ်၍ ထူးခြားသည့် အလှူဟုလည်း ဆိုနိုင်ပါသည်။

ကထိန်အလှူရှင်များမှာ ကထိန်အလှူသင်္ကန်းကို သံဃိကဒါန ပေးလှူရသည်၊ ပြီးမှ သံဃိက၊ သံဃာပိုင်

http://www.thitsarparamisociety.com/



ရလိုက်ပြီးဖြစ်သော ထိုသင်္ကန်းကို ကျောင်းတိုက်တစ်ခု လုံးရှိ သံဃာတော်များက ဝိနည်းတော်နှင့်အညီ အဆင်းရဲဆုံး၊ အနွမ်းပါးဆုံး၊ အချို့တဲ့ဆုံး သံဃာကို ရွေးချယ်စိစစ်၍ ထိုသင်္ကန်းကို သိမ်ထဲတွင် ကမ္မဝါစာနှင့် ရွတ်ဆို အတည်ပြုကာ သံဃာ့ဆန္ဒနှင့်အညီ ရွေးချယ်ထားသော ရဟန်းတော်အားကထိန် သင်္ကန်းကို ပေးအပ်ရမည်။ ထိုရဟန်းသည်လည်း ကထိန်အကြောင်း နှင့် ပတ်သက်၍ နားလည်ကျွမ်းကျင်မှု ရှိရမည်။ ကထိန်ခံယူမည့် ရဟန်းတော်မှာ ဝါကျိုးပျက်ခြင်းမျိုးလည်း မရှိစေရ။ ထိုကထိန် သင်္ကန်းကို ရရှိပိုင်ဆိုင်သော ရဟန်းတော်က "အရှင်ဘုရားတို့ ဤအပေါ်ရုံသင်္ကန်းဖြင့် တပည့်တော်မှ ကထိန်ခင်းပါ၏" ဟု နှုတ်မြွက်ရွတ်ဆိုကာ ဝိနည်းတရားတော်နှင့်အညီ သံဃာတော်များအား ကထိန် ခင်းပြီးပါပြီ အရှင်ဘုရား၊ ထိုကထိန်အလှူအတွက် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုတော်မူကြပါ (သာဓုခေါ်တော်မူကြပါ) ဟူ၍လျှောက်ထားရမည်။ ကျန်သံဃာတော်များမှ ထိုအလှူကို ဝမ်းမြောက်ပါ၏ဟူ၍ သာဓု ခေါ်သည်နှင့်တပြိုင်နက်၊ အနုမောဒနာသာဓု

http://www.thitsarparamisociety.com/



ခေါ်သော ရဟန်းတိုင်း နောက်ပိုင်းတွင်ဖေါ်ပြမည့် ဝိနည်းကံမှ (၅) လ လုံးလုံး ကင်းလွတ်ခွင့်ရရှိကြသည်။

ကထိန်အလှူမွန်မြတ်ရခြင်းသည် ထိုကဲ့သို့ထူးခြား၍ သံဃာတော်များအား လာဘ်လာဘ ဖြစ်ထွန်းကာ ချမ်းသာစေခြင်းကြောင့် မွန်မြတ်ရခြင်း ဖြစ်ပါသည်။

***ငါးပါးကျိုးတင့် တိုးဆင့်မြတ်သည်***

သာသနာတော်တွင် မည်သည့်ဒါနမျိုးမှ ရှင်တော်ဗုဒ္ဓ ပညတ်ထားသော သိက္ခာပုဒ်တော်ကို လျော့ပါး၍ မရ စေနိုင်ပါ၊ ဤ 'ကထိန်' အလှူတစ်ခုကသာလျှင် အောက်၌ ဖေါ်ပြမည့် ဝိနည်းသိက္ခာပုဒ် (၅) မျိုးကို (၅) လအထိ ကျင့်သုံးစရာမလိုအပ်ပဲ ကင်းလွတ်ခွင့် ရရှိပေသည်။

(၁) ရဟန်းတစ်ပါးသည် နေ့လည်နေ့ခင်းမြို့ထဲရွာထဲ ကြွချင်လျှင် ကျောင်းတိုက်ရှိ ဆရာတော် (သို့မဟုတ်) ထင်ရှားရှိနေသည့် ရဟန်းတော် တစ်ပါးပါးကို လျှောက် ထားပြီးမှ ကြွ၍ရသည်။ မပန်ကြားပဲကြွပါက အာပတ် အပြစ် သင့်ပါသည်။ ထိုအပြစ်မှ ကင်းလွတ်ခွင့် ရခြင်း။

(၂) ရဟန်းတော်များမှာ နှစ်ထပ်သင်္ကန်း (ဒုကုဋ်)ကို သွားရာတိုင်း ယူဆောင်၍သွားရသည်၊ ယူဆောင်မသွား ပါက ထိုသင်္ကန်းနှင့် နှစ်ရက် သုံးရက်လောက် ကင်းကွာ

http://www.thitsarparamisociety.com/


နေသော် အာပတ်အပြစ် သင့်ပါသည်။ ထိုအပြစ်မှ ကင်းလွတ်ခွင့်ရခြင်း။

(၃) ရဟန်းတော်တစ်ပါးကို ဒါယကာ ဒါယိကာမ တစ်ဦးဦးက ဆွမ်းစားမပင့်တတ်၍ တပည့်တော်တို့အိမ်ကို ထမင်းစားကြွပါဟု ပင့်သည်ကို ဘုဉ်းပေးမိလျှင် အာပတ်အပြစ် သင့်ပါသည်။ ထိုအပြစ်မှ ကင်းလွတ်ခွင့်ရခြင်း။

(၄) ရဟန်းတစ်ပါးတွင် ရရှိလာသောမိမိပစ္စည်းကို (၁၀) ရက် အတွင်း သတ်သတ်မှတ်မှတ် ရွတ်ဆိုစီစဉ်ထားခြင်းကို အဓိဋ္ဌာန်ဝိကပ္ပနာ ပြုသည်ဟုခေါ်သည်။ ထိုကဲ့သို့ မစီစဉ်ထားပါက (၁၀) ရက် ကျော်သည်နှင့် အာပတ်အပြစ် သင့်ပါသည်။ ထိုအပြစ်မှ ကင်းလွတ်ခွင့်ရခြင်း။

(၅) ဒါယကာ ဒါယိကာမ တစ်ဦးဦးက ကျောင်းတိုက်သို့ ပစ္စည်းတစ်ခုခုကို သံဃိက လာလှူခဲ့လျှင် ညှော်သည် အာဂန္တု ရောက်နေပါက ညှော်သည်အပါအဝင် ဝေစုကို ပေးရမည်၊ မပေးလျှင် အာပတ်အပြစ် သင့်ပါသည်။ ထိုအပြစ်မှ ကင်းလွတ်ခွင့်ရခြင်း။

ရဟန်းတော်များမှာ ဖော်ပြခဲ့သည့် အကျိုးတရားငါးမျိုးကို ကထိန်အာနိသင် ရရှိသောအချိန်မှ တပေါင်း

http://www.thitsarparamisociety.com/



လပြည့်နေ့အထိ အပြစ်မသင့်ပဲ ခံစားခွင့်ရရှိသောကြောင့် ကထိန်အလှူသည် မွန်မြတ်လှပေသည်။

ရဟန်းတော်များမှာ အကျိုးငါးပါးရရှိသကဲ့သို့ ကထိန်အလှူရှင်များမှာလည်း အကျိုးတရားငါးပါးကို ရရှိနိုင်ကြောင်း ဆရာ့ဆရာ မထေရ်ကြီးများမှ မိန့်ကြားတော်မူခဲ့ကြသည်။

ကထိန်လှူရမြတ်ဖလ မှတ်ကြပါလေ ငါးမျိုးပေ

- *(က) မပန်မကြား၊ မခစား၊ လာသွားနိုင်ပေ၊ ရပ်ထွေထွေ။*
- *(ခ) ကိုယ်ပိုင်ဥစ္စာ၊ ထားလိုရာ၊ ထားပါလျှက်ပေ၊ ရန်ကင်းချေ။*
- *(ဂ) ဝတ်စားဖုံဖုံ၊ လွန်ပြည့်စုံ၊ ကုံလုံကျက်သရေ၊ လက်လက်ဝေ။*
- *(ဃ) မိစ္ဆာအပင်း၊ ရန်မျိုးကင်း၊ ရှင်းရှင်းလွတ်ပေ၊ ရန်မျိုးတွေ။*
- *(င) စည်းစိမ်ဖြိုင်ဖြိုင်၊ လွန်ကြံ့ခိုင်၊ စိုးပိုင်လှပေ၊ တင့်ဖြိုးဝေ။*

(ဤကဗျာကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသည်ဟု မှတ်သားမိပါသည်။)

http://www.thitsarparamisociety.com/



ကထိန်အလှူရှင်များသည် ဖြစ်လေရာ ဘဝတိုင်း၌...

(က) ဖြစ်လေရာ ပတ်ဝန်းကျင်တွင် ဇနီးသည်က ခင်ပွန်းသည်ကို၊ ခင်ပွန်းသည်က ဇနီးသည်ကို၊ သားသမီးများက မိဘကို ကြောက်ရွံ့ စရာမလိုပဲ မိမိတို့သွားလိုရာသို့ ချုပ်ချယ်ခြင်း ကင်းစွာဖြင့် လွတ်လွတ်လပ်လပ် သွားလာခွင့် ရနိုင်ခြင်း။

(ခ) မိမိပိုင်ပစ္စည်းကို ရန်သူမျိုးငါးပါးက မဖျက်ဆီးနိုင်ခြင်း၊ မေ့ကျန်ခဲ့သောပစ္စည်းနှင့် ပျောက်ဆုံးသွားသည့် ပစ္စည်းများကိုလည်း အလွယ်တကူ ပြန်လည်ရရှိနိုင်ခြင်း။

(ဂ) အဝတ်အစားနှင့်ပတ်သက်၍ မမွေးခင်ကပင် လက်ဆောင် တပုံတပင် ကြိုတင်ရရှိနေခြင်း၊ ခေတ်ပေါ် အကောင်းဆုံး အဝတ်အထည်များကိုလည်း လိုသည် ထက်ပိုလွန်အောင် ရရှိခြင်း။

(ဃ) မလိုလားသူများမှ ပြုစား၍မရနိုင်ခြင်း၊ အစားအစာ အဆိပ်အတောက် မဖြစ်နိုင်ခြင်း။

(င) ဖြစ်လေရာဘဝတွင် ဓနငွေကြေး၊ အသုံးအဆောင်၊ ပစ္စည်းဥစ္စာ ပြည့်စုံပေါ်များ ကြွယ်ဝရခြင်း စသော ကောင်းမြတ်သည့် ကောင်းကျိုးများကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

http://www.thitsarparamisociety.com/



## *ကာလဒါန လှူရမြတ်သည်*

ကထိန်အလှူသည် ကာလဒါန အလှူဖြစ်၍ မွန်မြတ်သည်။ ဘုရားရှင်က ကထိန်အလှူကို သီတင်းကျွတ်လပြည့်ကျော် (၁) ရက် မှတန်ဆောင်မုန်း လပြည့်နေ့အထိ တစ်လခွင့်ပြုသည်။ အချိန်အခါနှင့် ကန့်သတ်၍သာ လှူခွင့်ရှိသော ရှားရှားပါးပါး လှူရသော ဒါနမျိုးဖြစ်၍ ထူးမြတ်သည်။ ထိုခွင့်ပြုချက်တစ်လတွင် ကြိုက်ရာရက်တစ်ရက်၊ ထိုတစ်ရက်တွင်လည်း တစ်ကြိမ်သာ လှူရသော ဒါနထူးဖြစ်သည်။ လှူသည့်အခါတွင်လည်း ယနေ့လှူသော ကထိန်သင်္ကန်းကို ကထိန်အလှူခံ သံဃာတော်များ အနေဖြင့် ယနေ့ပင်လျှင် ဝိနည်းကံနှင့်အညီ နေ့ချင်းပြီး ကထိန်ခင်းရသည်။ နောက်နေ့အရုဏ်ကူးသွားလျှင် ထိုသင်္ကန်းသည် ကထိန်ခင်းနိုင်ခြင်းမရှိတော့ပဲ ပုပ်သိုးသွားတော့သည်။ ထို့ကြောင့် ကထိန်သင်္ကန်းကို မသိုးသင်္ကန်းဟူ၍လည်း တင်စား ခေါ်ဝေါ်ကြသည်။

http://www.thitsarparamisociety.com/



## *မိုးပေါ်ကျ ဒါန ထူးမြတ်သည်*

ကထိန်အလှူသည် အလွန်သန့်ရှင်းဖို့ လိုအပ်ပါသည်။ ကျောင်းတိုက်ရှိ ရဟန်းတစ်ပါးပါးက 'ဒကာမကြီးတို့ ဦးဇင်းတို့ကျောင်းမှာ ဒီနှစ် ကထိန်မရှိဘူး' ဟု ကထိန်ရချင်၍ ကြိုတင်ကာ ရေလာမြောင်းပေးသဘောမျိုးနှင့် ပြော၍ ခင်းပေးသော ကထိန်အလှူသည် ကထိန်မမြောက်တော့၊ ကထိန်မဟုတ်တော့ပေ။

ထိုကထိန်ကို ခံယူမည့်ကျောင်းမှ သံဃာတော်တစ်ပါးပါးက နှုတ်မြွတ်ပြောကြားခြင်းမပါရှိပဲ မိုးပေါ်ကျ မိုးရေပေါက် မိုးရေစက် ကဲ့သို့ အငြိအတွယ်ကင်းပြီး သဒ္ဓါသန့်သန့်စင်စင်ဖြင့် လာလှူသော အလှူမျိုးဖြစ်ရမည်။ ထိုကဲ့သို့ စင်ကြယ်သော အလှူ ဖြစ်ခြင်းကြောင့် ကထိန်အလှူသည် မွန်မြတ်ပေသည်။

**ကထိန်ဖြစ်ပေါ်လာရသော သမိုင်းကြောင်း နောက်ခံမှာ ဤသို့ဖြစ်သည်....။**

စိုစွတ်သည့် မိုးရာသီသုံးလအတွင်း ခရီးသွားလာခြင်း ရပ်ဆိုင်း၍ ကျောင်းတိုက်ထဲတွင် ဝါဆိုဝါကပ်ကာ ပရိယတ်၊ ပဋိပတ် သာသနာ့အလုပ်ကို

http://www.thitsarparamisociety.com/



အားထုတ်တော်မူကြသည့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား ဝါကျွတ်ပြီးသည်နှင့် ဗုဒ္ဓဘာသာဝင်တို့၏ နလုံးသားဝယ် နိုးကြားလာ သည်ကား "ကထိန်လှူမည်" ဟူ၍ဖြစ်သည်။

ထိုကထိန်အလှူ လှူဖြစ်ရန်အကြောင်းက ရှေးခေတ်တုန်းက သင်္ကန်းအလွန်ရှားပါးခဲ့ကြသော ကောသလဘုရင်မင်းနှင့် အဖေတူ အမေကွဲ၊ ပါဝေယျကတိုင်းသား ညီနောင်ရဟန်း သုံးဆယ်တို့ကို အကြောင်းပြု၍ ရှင်တော်ဘုရားက ထိုအလှူကို ခွင့်ပြုတော်မူခဲ့ပေသည်။

ဘုရားရှင်သည် သာသနာပြုခရီး တစ်ထောက် ကြွချီတော်မူရင်း ကပ္ပါသိကတောအုပ်အတွင်း ထိုညီနောင်သုံးဆယ်တို့ကို တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။

ထိုညီနောင် သုံးဆယ်တို့သည် ချစ်ဇနီးမယားကိုယ်စီနှင့် တောအုပ်ထဲသို့ ပျော်ပွဲစား ထွက်ကြခြင်းဖြစ်သည်။ ထိုညီနောင် သုံးဆယ်ထဲတွင် တစ်ဦးသောမင်းသားမှာ ကိုယ်ပိုင်ဇနီးမယား မရှိ၍ အပျော်မယ် တစ်ဦးကို ငှါးရမ်းခေါ်ဆောင်လာခဲ့ခြင်းက မင်းသားသုံးဆယ်တို့ကို ကျွတ်တမ်းခရီးဆီသို့ ဦးတည်စေခဲ့ခြင်းဖြစ်သည်။

http://www.thitsarparamisociety.com/


မင်းသားသုံးဆယ်တို့သည် တောအုပ်အတွင်း ပျော်ပွဲကြီး ဆင်ယင်ကျင်းပရင်း မောပန်းကာ အိပ်မောကျကုန်ကြသည်။ အပျော်မယ်ကတော့ အိပ်မပျော်နိုင်ပေ။ သူမမှာ မင်းသားတို့လောက် မပြည့်စုံသည့်အတွက် အကွက်ကောင်းကိုချောင်းကာ၊ သောက်စားယစ်မူး၍ အိပ်ပျော်နေကြသော မင်းသားတို့၏ ကောင်းနိုးရာရာ ရတနာများကို ချွတ်ယူထွက်ပြေးလေသည်။ အိပ်ရေးဝ၍ နိုးထလာမှ အကြောင်းစုံ သိရှိရပေသည်။ ထိုအမျိုးသမီးကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ အသေသတ်ရန် ခါးလုံတဝင့်ဝင့် ရှာပုံတော်ဖွင့်ကြတော့သည်။

သို့ရာတွင် ရှာသည်က အပျော်မယ်၊ တွေ့သည်က ရှင်တော်ဗုဒ္ဓ...။ ရှင်တော်ဗုဒ္ဓကို ဝိုင်း၍ မေးကြတော့သည်၊ "အရှင်ဘုရား... ဤနေရာမှ အမျိုးသမီးတစ်ဦး ရတနာထုပ်နှင့် ပြေးသွားသည်ကို မြင်လိုက်ပါသလား..." တဲ့။

သတ္တဝါတို့၏ ဣန္ဒြေအနအရင့်ကို ဖန်ခွက်ထဲတွင် ရေကိုမြင်သကဲ့သို့ ကောင်းစွာမြင်နိုင်တော်မူသော ရှင်တော်ဗုဒ္ဓက၊ မင်းသားတို့အား မိန်းမပျောက်ကို ရှာတာနှင့် မိမိကိုယ်ကို ရှာတာ ဘယ်ဟာက အကျိုးရှိသနည်းဟု မေးခွန်းစတင်လိုက်ရာ ပါရမီရှင် မင်းသားများ

http://www.thitsarparamisociety.com/



အလိုအလျောက် ဒူးများကွေးညွတ်သွားရင်း မိမိကိုယ် တိုင်ပင် မိမိကိုယ်တွင်ရှာတာ ကောင်းကြောင်း ပြုံးတူ လျှောက်ထားမိကြသည်။

ရှင်တော်ဗုဒ္ဓ၏ မိန့်ခွန်းတော်မြတ်သည် မင်းသားတို့ အတွက် မဂ်ဖိုလ်လမ်းကို ဖြောင့်တန်းစေခဲ့သည်။ သူတို့သည် ယခင်ဘဝများစွာ သံသရာတစ်ကွေ့က ရှင်တော်ဗုဒ္ဓ ကိုယ်တိုင် တုဏ္ဍိလဝက်ဘဝ ဖြစ်ခဲ့ရသည့် တချိန် ပျော်ပွဲစားပြုလုပ်ရန် ဝက်သားလိုအပ်၍ ဗုဒ္ဓအလောင်းတော် ဝက်နှင့် ညီတော်အာနန္ဒာ အလောင်း တော် ဝက်ကလေးတို့အား ဝက်ပိုင်ရှင် အဖွဲ့အိုကို အရက် တိုက်ကာ ရောင်းစေခဲ့သည်။

ထိုအခါ ညီတော်အာနန္ဒာ အလောင်းတော် ဝက် ကလေး သေဘေးကို ကြောက်လှ၍ နောင်တော်အနား တွင် ငိုယိုသည်ကို တရားစကားပြောရင်း ထိုမင်းသား ညီနောင် သုံးဆယ်တို့အားလည်း တရားသံဝေဂ ရစေခဲ့ သည့်အပြင် တစ်သက်လုံး ဒါန၊ သီလ၊ ကုသိုလ် တိုးပွားစေခဲ့သည်။ ထိုပါရမီမျိုးစေ့တို့သည် ယခုဖူးပွင့်ခွင့် ကြုံရပေပြီ။

http://www.thitsarparamisociety.com/



ဗုဒ္ဓစကားသည် ဟုတ်မှန်ပေသည်။ တစ်သံသရာလုံး ကိုယ့်ခန္ဓာကို ဉာဏ်နဲ့ရှာကြည့်ရန်ကို မရှာတတ်၊ ရှာရ ကောင်းမှန်း မသိ၍ သူများကိုပဲ ရှာဖွေခဲ့ကြသည်။ သူများကိုရှာသဖြင့် မိမိတွင် ဒုက္ခရှည်ရန် ဖန်တီး စုဆောင်းကြသည်။ အကုသိုလ်အပြစ် ကြွယ်သထက် ကြွယ်အောင် နေ့ရောညပါ နေ့မအားညမနား စုဆောင်း တတ်ခဲ့ကြသည်။ အကြောင်း ပြည့်စုံသည်နှင့် ထိုအကြောင်းများက အကျိုးတရား တစ်ခုစီ ထုတ်လုပ်ပေး သည်ကို အပါယ်တွင် ခါးစည်း၍ ခံစားခဲ့ရသည်။ အိုဘေးတွေ အထပ်ထပ်၊ နာဘေးတွေ အဖုံဖုံ၊ သေဘေးတွေ အလောင်း ချင်းထပ် မြေကြီးထု ယူဇနာချီ တိုးတက်လာအောင် အကြောင်းတွေကို အကျိုးလုပ်ပြီး ပေးဆပ်ခဲ့ရသည်မှာ ဘယ်တုန်းက စခဲ့တယ်ဆိုတာ မသိ တော့လောက် အောင်ဖြစ်ခဲ့ပြီ။

မိမိကိုယ်ထဲ ဉာဏ်နဲ့ရှာကြည်တော့မှ ငါမတွေ့၊ သူမတွေ့ပဲ ဖေါက်ပြန်ပြောင်းလွဲနေသည့် ရုပ်၊ လက်သင့် ခံစားနေရသည့် **ဝေဒနာ**၊ အမှတ်အသားပြုပေးနေရသည့် သညာ၊ မှတ်နိုင်ဖို့၊ ခံစားနိုင်ဖို့၊ သိနိုင်ဖို့ အမြဲတမ်း

http://www.thitsarparamisociety.com/



တွန်းအားပေးနေရသည့် **သင်္ခါရ**၊ မသိပဲနေ၍မရ သိပေးနေရသည့် **စိတ်** အပေါင်းအစုကိုသာ တွေ့ရှိနေရပေသည်။

တရားနှင့်ကြည့်ရင်းက သူတို့၏ခန္ဓာတွင်အရှုခံတရားလေးတွေ၏ မမြဲမှုကို ရှုဉာဏ်နှင့် ကောင်းကောင်းမြင်၊ မကြည့်ချင်တော့လောက်အောင် ဉာဏ်မုန်းမုန်းကာ၊ ဒုက္ခဆုံးသွားတော့မှ ဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်ကို ဉာဏ်အမြင်နှင့် မြင်တွေ့သွားကြပေလိမ့်မည်။ နိဗ္ဗာန်ကို မြင်ရမှ ဒုက္ခဖြစ်ကြောင်းရှည်အဖြစ်မှ လွတ်မြောက်ကြောင်းကို သဘောပေါက်ကြလိမ့်မည်။

ပါရမီရှင် မင်းသားသုံးဆယ်တို့မှာ ရှင်တော်ဗုဒ္ဓ၏ သစ္စာစကားအဆုံးမှာ သောတာပန် အောက်မနည်း အနာဂါမ် ထက်မပိုပဲ မင်းသားအားလုံးသည်ပင် အရိယာစင်စစ် ကေန်ဖြစ်သွားကြတော့သည်။

ရဟန်းပြုပေးရန် တောင်းပန်မှုကြောင့် 'ဧဟိဘိက္ခု' ရဟန်းတော်များ ဖြစ်ခဲ့ကြရသည်။ ရဟန်းဖြစ်ဖို့ရန် ပင်ပန်းခြင်းမရှိသည်မှာ အတိတ်ဘဝ တစ်ချိန်ချိန်က သင်္ကန်းသပိတ် လှူခဲ့သော ပါရမီကုသိုလ်မျိုးစေ့ စိုက်ခဲ့မှုကြောင့်ဖြစ်၏။ ထိုကဲ့သို့ ကုသိုလ်မျိုးမရှိပါက သပိတ်သင်္ကန်း မပြည့်မချင်း လိုက်ရှာနေရပေအုံးမည်။ ယခုတော့

http://www.thitsarparamisociety.com/



ရှင်တော်ဗုဒ္ဓက လူဝတ်ကြောင်ဖြစ်သော ထိုသူတို့ကို 'ဧဟိဘိက္ခု' - 'ချစ်သားရဟန်း လာခဲ့လော့' ဟု ခေါ်လိုက်သည်နှင့် လူ့အသွင်ပျောက်ကာ သပိတ်လွယ်ပြီးသား သင်္ကန်းဝတ်ရုံပြီးသား အဆင်သင့် ရဟန်းတော်များဖြစ်ခဲ့ကြသည်။ ထိုမင်းသားသုံးဆယ်တို့ အရိယာဖြစ်သွားပြီးနောက် သာသနာမှာ ခိုင်မာစွာရပ်တည်နေနိုင်ပြီဟု သိရှိတော်မူပြီးသော ရှင်တော်ဗုဒ္ဓသည် သာသနာပြုခရီး ဆက်လက်ကြွချီတော်မူခဲ့တော့သည်။ ထိုရဟန်းတော်မြတ် အသစ်စက်စက်သုံးဆယ်တို့သည် အရိယာ အဖြစ်နှင့် တစ်ကြိမ်မျှသာဖူးခွင့်ရလိုက်သည့် ဗုဒ္ဓရုပ်ပုံတော်၊ တစ်ကြိမ်မျှသာ နာကြားခွင့်ရလိုက်သော ချိုမြိန်ကောင်းမြတ်လှသည့် တရားတော်အသံတို့ကို ဆက်လက်ဖူးမြော်လို၊ နာကြားလိုသော သဒ္ဓါဆန္ဒပြင်းပြစွာနှင့် ရှင်တော်ဗုဒ္ဓရှိရာဆီမှန်းပြီး ခရီးလှမ်းရင်း သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော် မရောက်မီ သာကေတမြို့မှာ ဝါဆိုဝါကပ်တော်မူခဲ့ကြသည်။ သာဝတ္ထိနှင့် သာကေတမြို့မှာ (၆) ယူဇနာ ဝေးကွာသည်။ နို့စို့ကလေး အမေနှင့်ခွဲနေရသကဲ့သို့ တရားနို့ ဆာလောင်စွာနှင့် ဝါဆိုဝါကပ်နေခဲ့ရပေသည်။ ဝါကျွတ်သည်နှင့်

http://www.thitsarparamisociety.com/



သာဝတ္ထိသို့ ခရီးဆက်ခဲ့ကြသည်။ မိုးကမပြတ်တတ်သေး၊ ရွှံ့နွံ့စေးကပေါ်များ၊ လှိုမြောင်တောင်ကြား စမ်းအိုင်များကို ဖြတ်ကျော်လာခဲ့ကြရသော နနယ်သော မင်းသားတဖြစ်လဲ ရဟန်းတော်များမှာ အလွန်ပင်ပန်းကာ သကၤန်းများလည်း မိုးရေစိုရွှဲ၍ လဲစရာနတ္တိ သနားစရာအတိနင့် ရှင်တော်ဗုဒ္ဓရှေ့တော်မှာ ပြားပြားမှောက်ကာ ဝပ်ချဖူးမြော်နေကြသည်ကို ညှော့ဝတ်စကား မိန့်ချွေကြားရင်း အတိုင်းမသိ သနားခြင်းရှိသော ရှင်တော်ဗုဒ္ဓသည် ထိုမင်းသားသုံးဆယ်တို့ကို အကြောင်း ပြုကာသာသနာတော်အတွက် အရှည်ကို ရည်မြော်လျှက် ဤထူးခြားသည့် ကထိန်အလှူတော်ကို ခွင့်ပြုတော်မူခဲ့ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းသည် သာသနာတော်နင့်ကြံုခိုက် အလှူမျိုးစုံကို လှူဖူးစေရန် ကြိုးစားသင့်သည်ဖြစ်သလို၊ ဤထူးခြားလှသည့် ကထိန်အလှူကိုလည်း ရှင်တော်ဗုဒ္ဓ ခွင့်ပြုတော်မူခဲ့သည့် သီတင်းကျွတ် လပြည့်ကျော်တစ်ရက်နေ့မှ စ၍ ခဝဲပန်းတို့ လှိုင်လှိုင်ပွင့်သည့် တန်ဆောင်မုန်း လပြည့်နေ့အထိ တစ်လအတွင်း မိမိ ကထိန်ခင်းလိုသော ရက်ကို ရွေးချယ်၍ ဒုက္ခခပ်သိမ်းကင်းလွတ်ရာ မသေပန်းတို့

http://www.thitsarparamisociety.com/



လိုင်လိုင်ပွင့်နေသည့် သန္တိဓာတ်နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး လှူဒါန်းနိုင်ကြပါစေဟုဆန္ဒပြုရင်း ဤကထိန်အကျိုးဆောင်းပါးကို ရေးသားပူဇော် လိုက်ရပေသည်။

- ❖ *အလှူမျိုးစုံ၊ ကောင်းမှုထုံ၊ အကုန်ရရှိကြပါစေ။*
- ❖ *နိဗ္ဗာန်စခန်း၊ ရည်မျှော်မှန်း၊ လှူဒါန်းတတ်ပါစေ။*
- ❖ *အသေလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း၊ ဉာဏ်လင်းပေါက်ပါစေ။*

*မေတ္တာဖြင့် .... သစ္စာပါရမီ အရှင်ဇယတိဿ (စက်ာပူ)*
*ရက်စွဲ ။ ။ ၂၇ရက် စက်တင်ဘာလ ၂၀၀၉ ခုနှစ် ။*

၁။ ပိဏ် - ပိဏ္ဍပတ်ဆွမ်း။ ပုံမှန်ဝတ်ထား၍ လှူသောဆွမ်း

http://www.thitsarparamisociety.com/



# သစ္စာပါရမီ ဓမ္မရာဇာ ဆရာတော် စုစည်းပူဇော်သော မှတ်သားဖွယ်ရာ ကဗျာများ

❖ ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်၊
❖ ရွှေ့လျားသေခြင်း၊ ကင်းရှင်းပေသည်၊
❖ သန္တာန်,နိမိတ်၊ ကင်းဆိတ်ထင်သည်၊
❖ နိဗ္ဗာန - ရကာသိနိုင်သည်။ (ရှေးဆရာ)

❖ ဓါတ်ကြီးလေးပါး၊ ပယ်ရှားငြိမ်းသည်၊
❖ ကြယ်ရောင်မလင်း၊ လ,လင်းမတည်၊
❖ အမှောင်မသန်း၊ အေးချမ်းနေသည်၊
❖ နိဗ္ဗာန - မုချရှိပေသည်။ (*သစ္စာပါရမီ*)

❖ ချမ်းသာ ဆင်းရဲ၊ ကင်းစဲနေသည်၊
❖ ရုပ်နာမ်ဒုက္ခ၊ မုချလွတ်သည်၊
❖ မကောင်းမှုသိမ်း၊ အေးငြိမ်းနေသည်၊
❖ ကိုယ်တိုင်သိ၊ ရောက်ရှိ နိဗ္ဗာန်ပြည်။ (*သစ္စာပါရမီ*)

http://www.thitsarparamisociety.com/



❖ *စက္ခုအစ၊ ဒွါရခြောက်ဖြာ၊*
❖ *မိစ္ဆာဝိတက်၊ ဝင်လျက်ရေလာ၊*
❖ *လှေကိုပုံခိုင်း၊ လှူတိုင်းကိုယ်မှာ၊*
❖ *မပက်ထုတ်၊ နစ်မြုတ်ပယ်လေးရွာ။* (နှစ်ဖက်လှ စာအုပ်မှ)

❖ *ဝိရိယသတိ၊ သမာဓိတူပြိုင်၊*
❖ *သဒ္ဓါလက်ဖြင့်၊ ဉာဏ်ပက်ခွက်ကိုင်၊*
❖ *ရေကိုပက်ထုတ်၊ မမြုပ်ခံ့ခိုင်၊*
❖ *နိဗ္ဗာန်နန်း တက်လှမ်း မြန်ရောက်နိုင်။* (နှစ်ဖက်လှ)

## ကုသိုလ်အရေး နေ့မရွေးသင့်

❖ အလောင်းတော်မြတ် ဗောဓိသတ်တို့၊
❖ နက္ခတ်ယှဉ်ရာ၊ အခါဖင့်နှေး၊
❖ နေ့မရွေးဘူး၊ အရေးလက်ရောက်၊
❖ မျက်မှောက်ကျိုးထင်၊ ရခြင်းပင်သာ၊
❖ ဤလျှင်သင့် မြတ်၊ ကောင်းနက္ခတ်တည်း။ (မဃဒေဝ)

http://www.thitsarparamisociety.com/



## ပတ္တမြား ဆန်ကျိုး

❖ *သူတော်သူစင်၊ ပညာရှင်တို့၊ မိန့်ကြားစကား၊*
❖ *တခွန်းကြားက၊ ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်၊*
❖ *ကေန်မုချ၊ တစ်လုံးရသို့၊ နှုတ္တဂုဖိုးမွန်၊ ကျိုးကဲလွန်၏။*

(မဃဒေဝ)

## အခက်ချိုးလျှင် ပျက်ရိုးပင်

❖ *ကျေးဇူးမသိ၊ လူ့တုံးတိ၊ များဘိဒုက္ခသာ။*
❖ *အရိပ်ခိုကိုး၊ သစ်ပင်မျိုး၊ မချိုးမခုတ်ရာ။*
❖ *အရိပ်ခိုကိုး၊ အခက်ချိုး၊ ပျက်ရိုးထိုသူသာ။*
❖ *တစ်လုပ်စားဖူး၊ သူ့ကျေးဇူး၊ ကျူးကာမဖျက်ရာ။*
❖ *ကျေးဇူးသိက၊ အဝဝ၊ ချမ်းသာကြမည်သာ။*
❖ *ယခုမျက်မှောက်၊ ချမ်းသာရောက်၊*
*များမြောက်ပုံစံလာ။* (ရွှေဟင်းသာ ဆရာတော်ကြီး)

## ဝမ်းနည်းဖွယ်နေ့

❖ ကုသိုလ်ဥစ္စာ၊ ကျန်းခန့်သာ၍၊
❖ ပညာတန်ခိုး၊ တစ်မျိုးမျိုးမှ၊
❖ အကျိုးမထွက်၊ ထိုနေ့တွက်၊
❖ သက်သက်ဝမ်းနည်းဖွယ်။(ပညာရှင်များ)

http://www.thitsarparamisociety.com/



# လောကသဘာဝ

❖ *အရေးကိစ္စပေါ်တုံက၊ ကူကြမိတ်သဟာ။*

❖ *ရလျှင်ကပ်လာ၊ မရခွါ၊ လူညာမိတ်သဟာ။*

❖ *စကားဖြင့်မြှောက်၊ လက်မရောက်၊*
*ကြောက်ရမည့်သူသာ။*

❖ *အရေးကြုံက၊ ရှောင်လွှဲကြ၊ မှတ်ကြ မိတ်တုသာ။*

❖ *ပေးစဉ်ကျွေးစဉ်၊ ကျေးဇူးတင်၊ ဝေးလျှင် မေ့တတ်ပါ။*

❖ *ကျေးဇူးတရား၊ သိတုံကြား၊ သူကားမိတ်စစ်ပါ။*

❖ *ကိုယ်တိုင်တွေ့က၊ နှုတ်ချိုမြ၊ တူလှပျားသကာ။*

❖ *မျက်ကွယ်ရောက်က၊ အဆိပ်မျှ၊*
*ပြောကြမိတ်တုသာ။*

❖ *အစစ် အတု၊ မိတ်နှစ်ခု၊ ခွဲမှု ဉာဏ်ယှဉ်ပါ။*

(ရွှေဟင်းသာ ဆရာတော်ကြီး)

http://www.thitsarparamisociety.com/



# ဂုဏ်တော်ပွါးများရကျိုး

❖ အရဟံ-ဂုဏ်တော်ပွါးက လာဘ်လာဘ ရွှင်ကြည်၊

❖ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရည် ထက်မြက်သည် ဉာဏ်ပွါး၊

❖ ဝိဇ္ဇာစရဏ သမ္ပန္နော ကြံတိုင်းသာ ပြီးချက်ကများ၊

❖ သုဂတ စကားအရာမှာ ကိုယ်ကသာ နိုင်ငြား၊

❖ လောကဂုဏ် ထပ်ဆင့်ပွါးလို့ ပိုမြင့်ငြား သိပ္ပါ၊

❖ အနုတ္တရော ပူဇော်ခြင်း ပြိုင်ဖက်ကင်း ဖြစ်ရမှန်စွာ၊

❖ သတ္ထာဒေဝ မနုဿာ နှုတ်အာဂဏာ ရွှင်ပြလို့၊

❖ ဗုဒ္ဓေါပ ပရစိတ္တံ သိလိမ့် ကောန်၊

❖ ဘဂဝါ ဘုန်းဂုဏ်လျှံကို၊ ယုံကြည်အမှန်
ပွါးစမ်းပါစို့လေး....၊

❖ ဂုဏ်ကိုး၀ တနည်းဆိုမည်၊ ပုတီးကိုရည်
စိပ်စမ်းပါစို့လေး...။

(ပညာရှင်များ)

http://www.thitsarparamisociety.com/



ကျောင်းထိုင်ဆရာတော် ဒေါက်တာ အရှင်ဇယတိဿသည် သစ္စာပါရမီ ဓမ္မရာဇာ ရိပ်သာကို သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၇၁ ခု၊ ဝါဆိုလဆန်း (၉) ရက်၊ 30/06/2009 မှ စတင်၍ BUKIT GOMBAK MRT အနီး၌ (ယခုလက်ရှိနေရာ) တွင် စတင်ဖွင့်လှစ်၍ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## လုပ်ငန်းစဉ်များ

- ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပခြင်း
- အပတ်စဉ် စနေနေ့ ည ၇း၃၀ နာရီမှ ၉ နာရီထိ ဓမ္မစကြာ စုပေါင်းရွတ်ဆိုပူဇော်ခြင်းနှင့် ဝိပဿနာတရား ရှုမှတ်ပွါးများခြင်း။
- အပတ်စဉ် တနင်္ဂနွေနေ့ ည ၇း၃၀ နာရီ၌ ပဋ္ဌာန်းတရားပွဲ၊ ဝိပဿနာတရားပွဲများကို ကိုယ်တိုင် ဟောကြားပေးခြင်း။
- ပဋိစ္စသမုပ္ပါဒ်သင်တန်းများ ဖွင့်လှစ်ပေးခြင်း
- ဝါတွင်း ရက်တို ဝိပဿနာ တရားစခန်း (၂) ကြိမ် ဖွင့်လှစ်ပြီးခြင်း

ဤသို့ သာသနာပြုလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(ဝေယျာဝစ္စအဖွဲ့ သစ္စာပါရမီ၊ ဓမ္မရာဇာ)